ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နည်းပညာဌာနကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ချိတ်ဆက်ထားသော ပင်မဖိုင်ဘာဆက်ကြောင်း ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းချိတ်ဆက်ထားသော ပင်မဖိုင်ဘာဆက်ကြောင်း နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မိုဘိုင်းစခန်း တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသော Access ဖိုင်ဘာဆက်ကြောင်းများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ပြည်တွင်းလုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ လုပ်ငန်းအပ်နှံလိုပါသည်။

၂။ တင်ဒါတင်သွင်းမည့် လုပ်ငန်းရှင်များသည် Backbone ဖိုင်ဘာနှင့် Access ဖိုင်ဘာပြုပြင်ခြင်း ထိန်းသိမ်းခြင်း လုပ်ငန်းအား အတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိပြီး၊အောက်ဖော်ပြပါလုပ်ငန်း ၃ခုအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး တင်ဒါတင်သွင်းမည့် လုပ်ငန်းရှင်များသည် လုပ်ငန်း ၁ ခု ချင်းအလိုက် တင်ဒါ အဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | အကွာအဝေး(ကီလိုမီတာ) | မှတ်ချက် |
|---|---|---|---|
| ၁ | ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော၊ အောင်ပန်း၊ ညောင်ရွှေ၊ လင်းခေးမြို့နယ်များရှိ မိုဘိုင်းစခန်း တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသော ဖိုင်ဘာဆက်ကြောင်းများအား ပြန်လည်ပြုပြင်ခြင်း။ | ၈.၂၀ | တင်ဒါပုံစံများတွင် အသေးစိတ်ဖော်ပြပါရှိပါသည်။ |
| ၂ | ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ပင်မဖိုင်ဘာ ဆက်ကြောင်းအား ပြန်လည် ပြုပြင်ခြင်း။ (သာစည်-ကလော-တောင်ကြီး -လွိုင်လင် ဖိုင်ဘာ ဆက်ကြောင်း) | ၃၈.၀၆ | |
| ၃ | ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင်ပင်မဖိုင်ဘာဆက်ကြောင်းအား ပြန်လည်ပြုပြင်ခြင်း။ (မိုင်းပန်-မိုင်းတုံ-မိုင်းဆတ်-တာချီလိတ် ဖိုင်ဘာ ဆက်ကြောင်း) | ၃၈.၂၂ | |
| **စုစုပေါင်း** | | **၈၄.၄၈** | |

၃။ တင်ဒါပုံစံတစ်စောင်လျှင် ငွေကျပ်(၁၅၀၀၀ိ/-)နှုန်းဖြင့် အောက်ဖော်ပြပါအစီအစဥ်အတိုင်း ရောင်းချသွားမည်ဖြစ်ပြီး သတ်မှတ်ထားသည့် အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည် မဟုတ်ပါ။

**တင်ဒါစတင်ရောင်းချမည့်နေ့ရက် - ၃၀-၁-၂၀၂၅**

**တင်ဒါပြန်လည်တင်သွင်းရမည့်ရက် - (၃-၃-၂၀၂၅)ရက်နေ့ (၁)ရက်တည်းသာ (၁၃း၃၀) မှ (၁၆း၀၀) နာရီအတွင်း**

၄။ တင်ဒါပုံစံနှင့်စည်းမျဥ်းစည်းကမ်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာ တွင် ရုံးချိန်အတွင်းလာရောက် စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊နည်းပညာဌာနကြီး။
အမှတ်(၃၆၁)၊ပြည်လမ်း၊ ဟံသာဝတီဆက်သွယ်ရေးရုံး၊
စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဆက်သွယ်ရန်ဖုန်းနံပါတ်၊၀၁-၇၅၀၀၀၈၈